National League for Democracy (Liberated Area) Korea Branch
민족 민주 동맹 ( 자유지역) 한국지부

165-9( 102 ) Simkog-2Dong, Wonmi-gu, Bucheon Shi, Kyung-gi Do, 420-012, Republic of Korea
경기도 부천시 원미구 심곡 2 동 165-9 ( 102 호 ) 420-012
http://www.nldla.com Tel:( 82 ) 32 – 656 - 6932
http://www.freeburma.or.kr E-mail:nldlakorea@yahoo.com

# အထူးလေးစား ဂုဏ်ယူလိုက်ပါသည်

အမိမြန်မာနိုင်ငံအတွင်း စစ်မှန်သော ဒီမိုကရေစီစနစ်နှင့် ပြည့်ဝသော လူ့အခွင့်အရေးများ အမြန်ဆုံး ရရှိနိုင်စေရေးအတွက် အမေရိကန်ပြည်ထောင်စု အနောက်ဖက်အခြမ်း အော်ရီဂွန်ပြည်နယ် ပို့တ်လန်းမြို့မှ အရှေ့ဖက်အခြမ်း နယူးယောက်ပြည်နယ် နယူးယောက်မြို့အထိ မိုင်(၃၀၀၀)ကျော် ခရီးစဉ်တခုကို ချီတက် လမ်းလျှောက်ပြီး မြန်မာ့နိုင်ငံအရေးအတွက် ကုလသမဂ္ဂမှနေ၍ ကြားဝင်ဆောင်ရွက်ပေးနိုင်စေရေး အလို့ငှာ မြန်မာနိုင်ငံသားများ လက်မှတ်ရေးထိုးထားသည့်စာကို ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းထံသို့အရောက်ပေးအပ်မည့် ခရီးရှည်ချီတက်မှုတရပ်သည် သာမာန်လူတို့အနေဖြင့် စွမ်းဆောင် နိုင်ရန်မလွယ်ကူသည့်အလုပ်တခုကို အပြောမဟုတ်လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပင် ဖြစ်ပါပေသည်။

ထိုခရီးရှည် ချီတက်မှုကို ဦးဆောင်ချီတက်နေသည့် **ABSDF** ကျောင်းသားတပ်မတော်၏ တပ်ရင်း (၆၀၁) မှ ရဲဘော်ဟောင်း ရဲဘော် အေးသင်နှင့် (၈၈) တော်လှန်ရေး၏ မျိုးနွယ်ဆက်သစ် ရဲဘော် ဇော်မင်းထွေးတို့သည် မလျော့သော ဇွဲ၊သတ္တိ၊လုံ့လနှင့် ဝီရိယတို့ကို အခြေခံ၍ လမ်းခရီးတလျှောက် ကြုံတွေ့နေရသော အခက်အခဲ အတားအစီးများကို ကြံ့ကြံ့ခံအံတုကျော်ဖြတ်ရင်း အမိမြန်မာပြည်အနာဂါတ်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်နေသည့် ရဲဘော်တို့နှစ်ဦး၏စွမ်းဆောင်မှုသည် မြန်မာ့ဒီမိုကရေစီအရေးတော်ပုံသမိုင်းတွင် မှတ်တမ်း တင်ထားရမည့် သမိုင်းဝင် မော်ကွန်းတရပ်ပင်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် လွတ်မြောက်နယ်မြေ ၊ ကိုရီးယားဌာနခွဲမှ ရဲဘော် ၊ရဲမေ များအနေဖြင့်လည်း ရဲဘော်တို့နှစ်ဦး၏ ဂုဏ်ရောင်ပြောင်ဝင်းသည့် စွန့်လွှတ်စွန့်စားမှုအား အထူးလေးစား ဂုဏ်ယူမိပါကြောင်းနှင့်တိုက်ပွဲဝင်ရဲဘော်တို့နှစ်ဦးအနေဖြင့်လည်း စိတ်၏ချမ်းသာခြင်းကိုယ်၏ကျမ်းမာခြင်းအပေါင်း အပေါင်းနှင့်ပြည့်စုံနိုင်စေ၍အမိမြန်မာနိုင်ငံအတွင်း စစ်မှန်သောဒီမိုကရေစီစနစ်နှင့် ပြည့်ဝသောလူ့အခွင့်အရေးများ အမြန်ဆုံးရရှိနိုင်သည်အထိ စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာများကို ပို့သအပ်ပြီး သကာလ ဤဂုဏ်ပြုသဝဏ်လွှာကို အလေးအနက် တည်ကြည်စွာဖြင့်ပေးပို့အပ်ပါသည်။ ။

အလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(လွတ်မြောက်နယ်မြေ)၊ကိုရီးယားဌာနခွဲ
၂၀၀၈၊ဧပြီလ(၂၁)၊တနင်္လာနေ့